EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၄
စက်တင်ဘာ ၂၅ ရက်၊ ၂၀၁၈

## ရခိုင်ပြည်နယ်တွင် ပြဋ္ဌာန်းဥပဒေများကို အကောင်အထည်ဖော်မှုအားနည်းဟု လွှတ်တော်ဒုဥက္ကဋ္ဌ ဝေဖန်

**စက်တင်ဘာ ၂၄၊ ၂၀၁၈**

ရခိုင်ပြည်နယ်တွင်ကျင့်သုံးရန် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေ ၁၆ ခုရှိသော်လည်း အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးမြသန်းက ပြောသည်။

ဥပဒေများကို လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းထားသော်လည်း အစိုးရအဖွဲ့အနေဖြင့် ထုတ်ပြန်ကျင့်သုံးခြင်းသည် ယခင်အစိုးရလက်ထက်က သုံးခုရှိပြီး ယခုအစိုးရသက်တမ်း ၂ နှစ်ခွဲကျော်လာသည့်တိုင် ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း ၎င်းက ဆိုသည်။

"ဥပဒေတွေကတော့ လွှတ်တော်က ရေးဆွဲတယ်။ အဲဒီဥပဒေတွေကို အစိုးရက ထုတ်ပြန်ပြီးတော့ ကျင့်သုံးရမယ်။ အခုက ဥပဒေတွေရှိပြီး မကျင့်သုံးနိုင်ဖြစ်နေတယ်" ဟု ဦးမြသန်းက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းက ပြည်နယ်လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် ဥပဒေနှင့် နည်းဥပဒေအချို့ကို ပြည်နယ်ဥပဒေချုပ်ထံ အကြံပြုချက်တောင်းခံထားကြောင်းဆိုသည်။

**(ကိုးကား-http://www.7daydaily.com)**

## အရပ်ဝတ်ဖြင့် နောက်ယောင်ခံလိုက်မှု မွန်လွှတ်တော်အမတ် မေးခွန်းထုတ်

**စက်တင်ဘာ ၁၄၊ ၂၀၁၈**



ဒေါ်ခိုင်ခိုင်လဲ့နှင့် ဗိုလ်မှူးကြီးဝင်းနိုင်ဦး။ (ဓာတ်ပုံ - Mon State Parliament)

မွန်ပြည်နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ခရီးစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရပ်ဝတ်ဖြင့် နောက်ယောင်ခံလိုက်နေမှုနှင့် ပတ်သက်ပြီး ဒုတိယအကြိမ် မွန်ပြန်နယ်လွှတ်တော်၊ ၁၁ ကြိမ်မြောက်အစည်း အဝေးတွင် သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်လိုင်လဲ့က ယင်းသို့ မေးခွန်းထုတ်ခဲ့သည်။

ဒေါ်ခိုင်ခိုင်လဲ့က "ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ရပ်ရွာကို ဆင်းတဲ့နေရာတွေမှာရော၊ နောက်ပြီးတော့ ဖွင့်ပွဲအခမ်းအနားတွေ သွားတဲ့နေရာတွေမှာရော ကျွန်မတို့ရဲ့နောက်မှာ အရပ်ဝတ်နဲ့ပုဂ္ဂိုလ်တွေ မသိမသာလိုက်ပါနေတာဖြစ်တာကြောင့် ကျွန်မဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်" ဟု ဆိုသည်။

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကာကွယ်ပေးရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းထားပြီးရာ ထိုဥပဒေအရ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အနောက်ကို နောက်ယောင်ခံလိုက်ခြင်း၊ အသံသွင်းယူခြင်း၊ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်းများမပြုလုပ်ရန် ပြဋ္ဌာန်းထားကြောင်း မွန်ပြည်နယ်လွှတ်တော်ထံ ဒေါ်ခိုင်ခိုင်လဲ့က တင်ပြခဲ့သည်။

ရဲတပ်ဖွဲ့အနေဖြင့် ၎င်းတို့နယ်မြေအတွင်း ရောက်ရှိလာသော ပြည်နယ်အဆင့်ပုဂ္ဂိုလ်များအား လုံခြုံရေးကိစ္စများကို အဓိကတာဝန်ယူကြရသည့် အဖွဲ့သာဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရအဖွဲ့ ဝန်ကြီးများထက် မိမိမဲဆန္ဒနယ်အပြင် တောရောမြို့ပါမကျန် ပြည်သူတစ်ရပ်လုံးနှင့် အဆက်မပြတ် ထိတွေ့နေရသည့် ပုဂ္ဂိုလ်များဖြစ်၍ လုံခြုံရေးပေးခြင်းသာဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော်သို့ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ခရီးစဉ်များတွင် ရဲတပ်ဖွဲ့မှ အရပ်ဝတ်ဖြင့် မသိမသာ သတင်းယူခြင်းနှင့် ပတ်သက်၍ "လုံခြုံရေးပေးတယ်လို့ မခံစားရဘူး၊ နောက်ယောင်ခံလိုက်တယ်လို့ပဲ ခံစားရတယ်၊ လုံခြုံရေးပေးရင် ယူနီဖောင်းနဲ့ပေးရမှာလေ" ဟု ဒေါ်ခိုင်ခိုင်လဲ့က ဧရာဝတီသတင်းဌာနသို့ ပြောသည်။ **(ကိုးကား -https://burma.irrawaddy.com)**

# မွန်ပြည်နယ်ရှိ မြို့ဝင်ကြေးကောက်ဂိတ်စခန်းများ ရုပ်သိမ်းပေးရေးအဆို ရှုံးနိမ့်



ဓာတ်ပုံ - Aung Kyaw Thu Facebook

**စက်တင်ဘာ ၂၀၊၂၀၁၈**

မွန်ပြည်နယ်ရှိမြို့ဝင်ကြေးကောက်ခံနေသည့် ဂိတ်စခန်းများ ရုပ်သိမ်းပေးရေးအဆိုအား ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မဲခွဲဆုံးဖြတ်ရာ အဆို ရှုံးနိမ့်ခဲ့သည်။

ယင်းအဆိုသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၂ ရက်နေ့က ပြုလုပ်ခဲ့သော ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် သထုံမြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက တင်သွင်းခဲ့ခြင်းဖြစ်သည်။

ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော် ကိုယ်စားလှယ် ၃ ဦးက တင်ပြခဲ့ပြီး ဆောက်လုပ်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးနှင့် စီမံဘဏ္ဍာရေးဝန်ကြီးတို့က အဆိုကိုရပ်ဆိုင်းထားရန် တင်ပြဆွေးနွေးခဲ့ရာ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"လက်ရှိတစ်နိုင်ငံလုံး အခြေအနေအရ တစ်ချို့သောတိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှာ နဂိုမူလမှ မြို့ဝင်ကြေးကို ကောက်ခံခြင်းမရှိသလို၊ တစ်ချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ ဥပဒေအရ မြို့ဝင်ကြေးများ ကောက်ခံကြတယ်။ လူထုတွေရဲ့ တောင်းဆိုတင်ပြချက်အရ ပြန်လည်ရုပ်သိမ်းဖယ်ရှားပေးတာလည်း ရှိတယ်။ မွန်ပြည်နယ်မှာ ရန်ကုန်-မော်လမြိုင် ကားလမ်း တစ်လျှောက် ရွှေသံလွင်နဲ့ AK ကုမ္ပဏီတွေက B.O.T စနစ်နဲ့ အဝေးပြေးလမ်းမပေါ်မှာ ကောက်ခံနေကြတာ ရှိသလို မြို့ဝင်ကြေးအဖြစ်နဲ့ အဲဒီလမ်းမပေါ်မှာ စည်ပင်က ကောက်ခံတဲ့ မြို့ဝင်ကြေးကို ထပ်မံပေးဆောင်နေရတဲ့အတွက် ပြည်သူတွေက စိတ်အနှောင့်အယှက်ဖြစ်ရသလို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပုံရိပ်လည်း ထိခိုက်စေပါတယ်။ ဒါကြောင့် မြို့ဝင်ကြေးဂိတ်တွေကို လာမယ့်ဘဏ္ဍာရေးနှစ်ကစပြီး ရုပ်သိမ်းပေးဖို့ အဆိုတင်ရတာပါ"ဟု သထုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက ပြောသည်။

မြို့ဝင်ကြေးမကောက်ခံပါက စည်ပင်ဝန်ထမ်းများ၏လစာကို ထိခိုက်လာနိုင်ကြောင်း ပြည်နယ်ဆောက်လုပ်ရေးနှင့် စည်ပင်ဝန်ကြီး ဦးမင်းကျော်လွင်က ပြောသည်။

"အခုလို မြို့ဝင်ကြေးကောက်နေရတာ လူတွေအနှောင့်အယှက်ဖြစ်နေတာ မှန်ပါတယ်။ မြို့ဝင်ကြေးကလည်း အခုကတည်းက ကောက်ခံလာတာ မဟုတ်ဘူး။ အရင်ကတည်းက ကောက်ခံလာတာ ဖြစ်ပါတယ်။ မြို့ဝင်ကြေးဂိတ်ကို မကောက်ခံဘူးဆိုရင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းတွေရဲ့ လစာများပါ ထိခိုက်လာနိုင်ဖွယ်ရှိတယ်။ ဒါကြောင့် မြို့ဝင်ကြေးကောက်ခံနေသည့် ဂိတ်စခန်းများ ရုပ်သိမ်းပေးရေးအဆိုကို မှတ်တမ်းတင်ရန် ဆွေးနွေးခဲ့ခြင်း ဖြစ်ပါတယ်"ဟု ပြည်နယ်ဆောက်လုပ်ရေးနှင့်စည်ပင်ဝန်ကြီး ဦးမင်းကျော်လွင်က ပြောသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ မြို့ဝင်ဘီးကောက် ဂိတ်များအား လာမည့် အောက်တိုဘာလ ၁ ရက်နေ့ မှစတင်၍ ဖျက်သိမ်းသွားမည်ဟု ကြေညာထားသည်။ **(ကိုးကား - www.mizzimaburmese.com)**

## သတင်းတို

- စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် အီလက်ထရွန်နစ် မဲပေးစနစ်တပ်ဆင်ရန် ကျပ်သန်း ၂၄၀ ခန့် သုံးစွဲမည်ဖြစ်ကြောင်း တိုင်းလွှတ်တော်ရုံးမှ သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကွန်ဖရင့်နှင့် အီလက်ထရွန်နစ် မဲပေးစနစ်ကို ဆက်စပ်ပစ္စည်းများပါ အသစ်တပ်ဆင်ခြင်းလုပ်ငန်းအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းဖြစ်သော နောင်ရိုးအိုင်တီကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီး ဂျာမနီနိုင်ငံထုတ် စက်ပစ္စည်းများ တပ်ဆင်မည်ဖြစ်သည်။ တင်ဒါအောင်မြင်သောကုမ္ပဏီနှင့် စက်တင်ဘာ ၁၆ ရက်တွင် စာချုပ်ချုပ်ဆိုပြီးလျှင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စက်ပစ္စည်းတပ်ဆင်ချိန် နှစ်လခန့်ကြာမည်ဖြစ်ကြောင်းသိရသည်။ **(ကိုးကား:- 7daydaily)**

- မကွေးတိုင်းရှိ ကျောက်မီးသွေးတွင်းများ သတ္တုတွင်းဝန်ကြီးဌာန၏ စည်းမျဉ်း၊ စည်းကမ်းဥပဒေများနှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ၊ မရှိစစ်ဆေးရန် စီစဉ်နေကြောင်း တိုင်းလွှတ်တော် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ရေးရာကော်မတီမှ တာဝန်ရှိသူက ပြောသည်။ မကွေးတိုင်း မင်းဘူးမြို့နယ်တွင် ယခင်နှစ် နိုဝင်ဘာ ၂၇ ရက်က ကျောက်မီးသွေးတွင်း ပြိုကျသဖြင့် လုပ်သားရှစ်ဦး သေဆုံးပြီး ယခုနှစ် စက်တင်ဘာ ၆ ရက်က ဆောမြို့နယ်ရှိ ကျောက်မီးသွေးတွင်း ပြိုကျခဲ့သောကြောင့် လုပ်သားရှစ်ဦး ထပ်မံသေဆုံးခဲ့သည်။ **(ကိုးကား:- 7daydaily)**

- ကျင်းပဆဲ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တောင်းရမ်းစားသောက်နေသော ကလေးငယ်များအရေးအတွက် မည်မျှရှိသည်ကို စစ်တမ်းကောက်ယူထားခြင်းများ ရှိ/မရှိနှင့် ရှိပါက အရေအတွက်မည်မျှရှိသည်ကို သိရှိလိုပါကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာ (လမ်းမတော်-၁)က မေးမြန်းရာ စစ်တမ်းကောက်ယူထားခြင်းမရှိသောကြောင့် စာရင်းတင်ပြနိုင်ခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဖြေကြားခဲ့သည်။ **(ကိုးကား - www.mizzimaburmese.com)**

# ရခိုင်ပြည်နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကျရောက်နေမှု တားဆီးကာကွယ်ပေးရန် အဆိုတင်သွင်း

**စက်တင်ဘာ ၂၀၊ ၂၀၁၈**

ရခိုင်ပြည်နယ်မှာ ၇ နှစ်အတွင်း ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး တန်ဖိုး ပမာဏဟာ ကျပ်ငွေ ၂၀၀ ဘီလီယံ နီးပါးရှိပြီး မူးယစ်ဆေးဝါး ရောင်းချနေမှုနှင့် လူငယ်များ မူးယစ်အန္တရာယ်ကျရောက်နေခြင်းကို တားဆီးကာကွယ်ပေးရန် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်ပတ်သက်ပြီး ရခိုင်လူငယ်တွေရဲ့ အနာဂတ်ဟာ စိုးရိမ်စရာအခြေအနေကို ရောက်နေပြီဟု အဆို တင်သွင်းခဲ့သည့် မြောက်ဦးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်ကပြောသည်။

"ရခိုင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် မေလအထိ ကျပ်သိန်းပေါင်း ၁၈၃၆၉၂၅.၉၃၄ တန်ဖိုးရှိ မူးယစ်ဆေးဝါးမျိုးစုံကို ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ မူးယစ်ဆေးဝါးအမှု ၆၃၁ မှုနဲ့ တရားခံပေါင်း ၁,၀၁၁ ဦးကို ဖော်ထုတ်နိုင်ခဲ့ကြောင်းလည်း ထုတ်ပြန်ခဲ့ပါတယ်။ ဒီကိန်းဂဏန်းအချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် ရခိုင်ပြည်နယ်နဲ့ အနာဂတ်ရခိုင်မျိုးဆက်တို့အတွက် စိုးရိမ်စရာအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိမူသင့်ပါတယ်။"ဟု ၎င်းကပြောသည်။

ရခိုင် လူငယ်အချို့ စိတ်ကြွမူးယစ်ဆေးများသုံးပြီး ဆိုင်ကယ်ကို စည်းကမ်းမဲ့မောင်းနှင်ခြင်းကြောင့် ယာဉ်တိုက်မှုနှင့် သေပျောက်မှုနှုန်း ပိုမိုများပြားလာသလို အုပ်စုဖွဲ့ရန်မူလုယက်ခြင်းစသည့် ဒုစရိုက်မှုများကိုပါ ကျူးလွန်လာကြသည်ဟု ပြောသည်။

မူးယစ်ဆေးဝါးများကို လမ်းဘေးကွမ်းယာဆိုင်များမှအစ နေရာတိုင်းလိုလိုတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သောကြောင့် ရခိုင်ပြည်နယ်နှင့် ရခိုင်များ၏အနာဂတ်ကို ခြိမ်းခြောက်နေသည်ဟုလည်း လွှတ်တော်တွင် ပြောကြားခဲ့သည်။

ဒီအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး ကန့်ကွက်သူမရှိသောကြောင့် ဆက်လက်ဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

**(ကိုးကား-www.rfa.org)**

# လောင်းကစားဝိုင်များပပျောက်ရေးနှင့် အရေးယူရေးအဆို ရှမ်းပြည်နယ်လွှတ်တော် အတည်ပြု

**စက်တင်ဘာ ၂၁၊ ၂၀၁၈**

ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများပပျောက်ရေးနှင့် တားဆီးပိတ်ပင်အရေးယူရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်က အတည်ပြုခဲ့သည်။

ယခုနှစ်ဆန်းပိုင်းက လားရှိုးတက္ကသိုလ်တွင်ပြုလုပ်ခဲ့သည့် လူငယ်တွေ့ဆုံပွဲတွင် ကျောင်းသားများပြောပြသည့် အခက်အခဲများတွင် တက္ကသိုလ်ပတ်ဝန်းကျင်၌ လောင်းကစားဝိုင်းများ များပြားနေသော်လည်း အရေးယူဆောင်ရွက်မှု မရှိဟုဆိုသောကြောင့် ယခုအဆိုကို မဖြစ်မနေ တင်သွင်းရကြောင်း အဆိုရှင် သိန္နီမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက ပြောသည်။




**ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်။ (ဓာတ်ပုံ - စိုင်းထက်ခေးလ်)**

"ရှမ်းမြောက်မှာ လူငယ်တွေ့ဆုံပွဲတစ်ခု လုပ်တဲ့အခါမှာ လားရှိုးတက္ကသိုလ်က ကျောင်းသားလေးတွေက ပြောပြတာပေါ့နော်၊ သူတို့ရဲ့ တက္ကသိုလ်ပတ်ဝန်းကျင်မှာ ဒီငါးမန်းဂိမ်းဆိုင်တွေ၊ လောင်းကစားဝိုင်းတွေ တအားများတယ်ပေါ့၊ ပညာသင်တဲ့အခါမှာလည်း အနှောင့်အယှက်ဖြစ်တယ်ပေါ့နော်၊ ဘယ်သူမှလည်း သွားပြီးတော့ တားဆီးခြင်း၊ အရေးယူခြင်း မရှိဘူး၊ ဒါကြောင့်မို့ ကလေးတွေဟာ ပညာသင်နေတဲ့အရွယ်မှာ လမ်းမှားရောက်ပြီးတော့ အကျင့်စာရိတ္တတွေ ပျက်ပြားနေတာပေါ့နော်၊ မူးယစ်ဆေးတွေပါ သုံးစွဲလာတဲ့အထိဖြစ်တယ်ပေါ့၊ ရှမ်းမြောက်မှာ တောင်မကပါဘူး၊ အုပ်စုဖွဲ့ပြီး လုယက်တာတွေ နေရာအနှံ့မှာရှိနေတယ်လေ၊ အဲဒါကြောင့် ဒီအဆိုကို ကျွန်မ မတင်မဖြစ် တင်လိုက်ရပါတယ်။"ဟု ၎င်းကပြောသည်။

မူဆယ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ယင်းအဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးရာတွင် ရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက အရေးယူဆောင်ရွက်မှုများ အားနည်းနေခြင်းကြောင့် တရားဥပဒေစိုးမိုးမှု မရှိခြင်းဖြစ်သည်ဟု ဆွေးနွေးခဲ့သည်။

အလားတူပင် ကွတ်ခိုင်မြို့နယ်နှင့် ကလောမြို့နယ်များတွင်လည်း ငါးမန်းဂိမ်းဆိုင် (ခေါ်) အကြွေစေ့ဂိမ်းဆိုင်များအပါအဝင် လောင်းကစားဝိုင်းတွေရှိနေသည်ဟု အသီးသီးဆွေးနွေးသွားခဲ့ကြသည်။

ထိုအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၃ ယောက်က ထောက်ခံဆွေးနွေးခဲ့ပြီးနောက် ပြည်နယ်အစိုးရအဖွဲ့ နယ်လုံဝန်ကြီးကိုယ်တိုင် ထောက်ခံအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကိုးကား- www.rfa.org)**